NATIONAL COALITION GOVERNMENT OF THE UNION OF BURMA

# (၄၈)နှစ်မြောက် ရှမ်းတော်လှန်ရေးနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာ

ရှမ်းအမျိုးသားများသည် ပဒေသရာဇ်ခေတ်ကာလကတည်းက ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် သီးခြားလွတ်လပ်စွာ အုပ်ချုပ်နေထိုင်လာခဲ့ကြပြီး သမိုင်းအစဉ်အလာကြီးမားသည့် အမျိုးသားတရပ်ဖြစ်ပေသည်။

ထို့အပြင် ရှမ်းအမျိုးသားတို့သည် အခြေအနေအချိန်အခါပေးတိုင်း တိုင်းရင်းသားလူမျိုးများအားလုံး စုစည်းညီညွတ်ရေးမှသည် ပြည်ထောင်စုကြီးတခုလုံး ညီညွတ်ရေးသို့ အစဉ်အမြဲဦးဆောင်ခြင်း၊ ပူးပေါင်းပါဝင်ခြင်း စသည့် သမိုင်းအစဉ်အလာရှိခဲ့ရာ၊ ၁၉၄၆ ခု ပထမအကြိမ် ပင်လုံညီလာခံကိုလည်းကောင်း၊ ၁၉၄၇ ခု ဒုတိယပင်လုံညီလာခံကိုလည်းကောင်း၊ ၁၉၆၁ ခု တောင်ကြီးတွင် ကျင်းပပြုလုပ်ခဲ့သော ၁၉၄၇ ခု ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးညီလာခံကြီးကိုလည်းကောင်း ဦးဆောင်ဦးရွက် ကျင်းပခဲ့သည်များမှာ သမိုင်းဝင်မှတ်တမ်းတင်လျှက်ရှိနေကြောင်း ဂုဏ်ပြုဖော်ပြလိုပါသည်။ ယနေ့တိုင်းရင်းသားလူမျိုးများ တန်းတူရေး နှင့် ဒီမိုကရေစီရေးတိုက်ပွဲတွင်လည်း Shan Nationalities League for Democracy (SNLD) ကိုအခြေခံ၍ United Nationalities Alliance (UNA) တွင် တိုင်းရင်းသားများနှင့်စုစည်းကာ National League for Democracy (NLD) နှင့်လက်တွဲ၍ Committee Representing People's Parliament (CRPP) တွင် ပူးပေါင်းဆောင်ရွက်နေရာ၌ ရှမ်းအမျိုးသား၏ကဏ္ဍသည် အလွန်အရေးပါပြီး သမိုင်းမှတ်တမ်းတင် ထားရှိရမည်ဖြစ်ကြောင်း တဆက်တည်း ဂုဏ်ပြုဖော်ပြလိုပါသည်။

ထိုသို့ ရှမ်းအမျိုးသားသည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသမိုင်းတွင် အစဉ်အလာကြီးမားခဲ့သော်လည်း အုပ်စိုးသူသည် ပင်လုံစိတ်ဓာတ်မူကို သွေဖယ်ပြီး ၁၉၄၇ ခု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဗမာပြည်မကို ပြည်ထောင်စု (ဗဟို) အာဏာနှင့် တွဲထားကာ အခြားတိုင်းရင်းသားပြည်နယ်များကို လက်အောက်ခံအဖြစ်ထားရှိသဖြင့် တန်းတူအခွင့်အရေး ဆုံးရှုံးသွားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခဏ်း (၁၁) တွင် ပြင်ဆင်ခွင့်ပါရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်တင်ပြတိုင်း အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲလွန်းခြင်း၊ ကူမင်တန်တရုတ်ဖြူကို အကြောင်းပြပြီး ရှမ်းပြည် (၂၃) နယ်ကို စစ်အုပ်ချုပ်ရေးသတ်မှတ်ခြင်း စသည်ဖြင့် ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးတန်းတူရေးအခြေခံမူအပေါ် ဆန့်ကျင်လာသည့်အပြင် စစ်တပ်သည် ရှမ်းပြည် ပြည်သူလူထုအပေါ် မတရားစော်ကား၊ ဖိနှိပ်ရက်စက်၊ သတ်ဖြတ်လာသဖြင့် မခံမရပ်နိုင်သည့်အဆုံး ၁၉၅၈ ခု မေလ (၂၁) ရက်နေ့တွင် မိမိအမျိုးသားတန်းတူရေးအတွက် တိုက်ပွဲဝင်ရန် နွမ်စစ်ဟန် ရှမ်းအမျိုးသားလက်နက်ကိုင်ခုခံတော်လှန်ရေး အဖွဲ့ကို စတင်မွေးဖွားခဲ့ရာ ယခုအခါ (၄၈) နှစ် ပြည့်မြောက်သည့် မင်္ဂလာရက်မြတ်ကြီး ဖြစ်ပေသည်။

ဝန်ကြီးချုပ်ဦးနုဦးဆောင်ပြီး နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး ခေါ်ယူ၍ ၁၉၆၂ ခု ဖေဖော်ဝါရီလ–မတ်လအတွင်း ၁၉၄၇ ခုဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးဆွဲရန် တိုင်ပင်ဆွေးနွေးနေကြစဉ် အာဏာငမ်းငမ်းတက်ရုံမက တိုင်းရင်းသားများတန်းတူရေးကို လုံးဝလက်မခံဘဲ လူမျိုးကြီးဝါဒခံယူထားသော ဗိုလ်နေဝင်းဦးဆောင်သည့် စစ်အုပ်စုသည် ဝန်ကြီးချုပ်ဦးနုထံမှ အာဏာကိုသိမ်းယူပြီး (ရှမ်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်) စသည့် တိုင်းရင်းသားများမှာ ဖက်ဒရယ်သမားများ၊ ခွဲထွက်ရေးသမားများဖြစ်ကြောင်း၊ တိုင်းပြည်အစိတ်စိတ်အမွှာမွှာ ပြိုကွဲပြီး၊ ချောက်ကမ်းပါးကျလုဆဲဆဲတွင် တပ်မတော်က အချိန်မီကယ်တင်ရကြောင်း သူခိုးလူဟစ် အော်ခဲ့သည်။ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ အများအပြားကို ဖမ်းဆီးနှိပ်စက်ထောင်ချခဲ့ရာ ရှမ်းအမျိုးသားခေါင်းဆောင်များဖြစ်ကြသည့် ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်၊ မိုးမိတ်စော်ဘွားကြီးစဝ်ခွန်ချိုတို့မှာ ထောင်ထဲတွင် သေဆုံးသွားခဲ့သည့်အပြင် သီပေါစော်ဘွားကြီးစဝ်ကြာဆိုင်သည်လည်း ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့သည်။ ဤသည်မှာ ဗိုလ်နေဝင်းဖက်ဆစ်အုပ်စုသည် တိုင်းရင်းသားများ ခေါင်းမထောင်နိုင်အောင် ရှမ်းခေါင်းဆောင်များကို စံနမူနာပြနှိပ်ကွပ်လိုက်ခြင်းပင် ဖြစ်သည်။

ယနေ့ကာလတွင် နအဖစစ်အုပ်စုသည်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီခေါင်းဆောင်အချို့ကို နေအိမ်တွင် ထိန်းသိမ်းထားခြင်း၊ ထောင်ချခြင်းပြုလုပ်နေသည့်အပြင် ရှမ်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော SNLD ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင်နှင့်အဖွဲ့ဝင်များ၊ Shan State Army (SSA) နာယက ဗိုလ်ချုပ်ဆေထင်တို့ကို နှစ်တရာကျော်အထိ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခဲ့ခြင်း၊ Shan State National Army (SSNA) တပ်ဖွဲ့ဝင်အချို့အား အတင်းလက်နက်

ချစေခဲ့ခြင်း၊ SSA မြောက်ပိုင်းကို လက်နက်ချရန် အတင်းဖိအားပေးနေခြင်း စသည့် ဖိအားမျိုးစုံ လုပ်ဆောင်နေကြောင်း တွေ့ရှိရပေသည်။

ထိုသို့ ဖိအားမျိုးစုံ လုပ်ဆောင်လာသော်လည်း ရှမ်းအမျိုးသားများသည် ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားများတန်းတူရေးအတွက် UNA နှင့်ပူးပေါင်းလျှက် CRPP တွင် ဆက်လက်လက်တွဲ တိုက်ပွဲဝင်လျှက်ရှိခြင်း၊ Restoration Council of Shan State (RCSS) ဦးဆောင်မှုအောက်တွင် SSA (တောင်ပိုင်း) သည် ရှမ်းပြည်သူလူထုကိုအခြေခံကာ နအဖစစ်အုပ်စုကို ဆက်လက်ခုခံတော်လှန်နေခြင်း တို့အားဖြင့် ရှမ်းအမျိုးသားများ၏ တရားဝင်တော်လှန်ရေးကို အရှိန်အဟုန်မပျက် ဆက်လက်ဆင်နွှဲတိုက်ပွဲဝင်နေသည့် ရှမ်းအမျိုးသားစိတ်ဓာတ်ကို ၅၂ (၄၈) နှစ်မြောက် ရှမ်းအမျိုးသားတော်လှန်ရေးနေ့မှာ လှိုက်လှဲစွာ လေးစားဂုဏ်ပြုကြောင်း ဂုဏ်သဝဏ်လွှာကိုပေးပို့အပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် ရှမ်းအမျိုးသားများနှင့်တကွ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများအပါအဝင် ပြည်သူလူထုတရပ်လုံးနှင့်လက်တွဲပြီး စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်အောင်မြင်သည်အထိ တိုက်ပွဲဝင်သွားမည်ဟု သံန္နိဋ္ဌာန် ချမှတ်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

၂၀၀၆ ခု မေလ ၂၁ ရက်နေ့

1319 F Street, NW, Suite 303, Washington, DC 20004 Tel: 202 639 0639 Fax: 202 639 0638